**Trojan Connect Program တွင်ပါဝင်ရန်အတွက် နာမည်စာရင်းဘယ်လိုပေးရမလဲ?**
Trojan Connect Program တွင်ပါဝင်ရန် ဤနေရာကိုနိပ်ပါ။ ကျောင်းသား/သူများသည် ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးရပါမည်။

**Trojan Connect Program တွင် အမည်စာရင်းပေးပြီးသောအခါ ဆုံးဖြတ်ချက်ကို ပြန်ပြောင်းလို့ရပါသလား?**
ကျောင်းသား/သူတစ်ဦးသည် ဤရွေးချယ်မှုတွင် နာမည်စာရင်းပေးပြီးသည်နှင့်တစ်ပြိုင်နက် ထိုကျောင်းသား/သူသည် fall semester တစ်လျှောက်လုံးTrojan Connect Program တွင်ပါဝင်ရပါမည်။ အကယ်၍ထိုကျောင်းသား/သူက spring semester အတွက် "at-school" သင်ကြားခြင်းတွင်ပါဝင်လိုပါက နိုဝင်ဘာလ ၂၀ ရက်နေ့ နောက်ဆုံးထား၍ အကြောင်းကြားရပါမည်။

အကယ်၍ကျောင်းသား/သူတစ်ဦးသည် "at-school" သင်ကြားခြင်းကိုရွေးချယ်ပြီး Trojan Connect Program သို့ပြောင်းလဲလိုပါက ဒီဇင်ဘာလတွင် နာမည်စာရင်းပေးနိုင်ရန် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။

**မိဘများက ဇူလိုင် ၃၁ ရက်နောက်ပိုင်းတွင် Trojan Connect သို့မဟုတ် နှစ်မျိုးစလုံးတွင် အမည်စာရင်းပေးလို့ရပါသလား?**
လက်ရှိ JPS တွင်ကျောင်းအပ်ထားသော မိဘများသည် ဇူလိုင် ၃၁ ရက်နေ့နောက်ဆုံးထား၍ နာမည်စာရင်းပေးရန် လိုအပ်ပါသည်။သို့မှသာ ကျောင်းများက ဆရာ/မများ၏အချိန်စာရင်းများကို အပြောင်းအလဲပြုလုပ်ပေးနိုင်မှာဖြစ်ပြီး လိုအပ်သောသင်တန်းများကို ပို့ချပေးနိုင်မှာဖြစ်ပါသည်။ ခြွင်းချက်အနေဖြင့် JPS တွင် ယခုမှကျောင်းစအပ်မည့် မိဘများသည် ဇူလိုင် ၃၁ ရက်နေ့နောက်ပိုင်း အမည်စာရင်းပေးနိုင်သော အခွင့်အရေးရရှိမည်ဖြစ်ပါသည်။ မိဘများသည် နိုဝင်ဘာ ၂၀ ရက် မတိုင်မီ  သူတို့၏ဆုံးဖြတ်ချက်များကို ပြောင်းလဲနိုင်ပါသည်။

**ကျွန်တော်/မ၏ကလေးသည် Trojan Connect Program တွင်အမည်စာရင်းပေးထားပြီး အခြားသောလှုပ်ရှားမှုများနှင့်/သို့မဟုတ် အားကစားတွင် ပါဝင်လို့ရပါသလား?**
အကယ်၍သင့်ကလေးက အားကစား သို့မဟုတ် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်လိုပါက blended model ကို ရွေးချယ်ရပါမည်။ ကျောင်းသား/သူသည် နေ့တစ်ဝက် online တွင်စာသင်ပြီး အားကစား သို့မဟုတ် လှုပ်ရှားမှုပြုလုပ်ရန်အတွက် ကျောင်းသို့လာရပါမည်။ Blended model သည် ၇-၁၂တန်းကျောင်းသား/သူများ အတွက်သာ ဖြစ်ပါသည်။ Blended model တွင် အမည်စာရင်းပေးရန် ဤနေရာကိုနိပ်ပါ။
ကျောင်းသား/သူများသည် ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထား၍ အမည်စာရင်းပေးရပါမည်။

**၇ တန်းမှ ၁၂ တန်းကျောင်းသား/သူများအတွက် မည်သည့်ဘာသာရပ်များရှိပါသနည်း?**

အောက်ပါ links များကိုအသုံးပြု၍ ဘာသာရပ်များကို ကြည့်ရှုနိုင်ပါသည်။

Middle School Course Options

Freshman Academy/High School Course Options

**ကျောင်းသား/သူများ၏ Online သင်ကြားမှုကို လေ့လာစောင့်ကြည့်ပေးမည့် ဆရာ/မများရှိပါသလား? ဆရာ/မများက ဘယ်လောက်အထိ သင်ကြားပို့ချပေးမှာဖြစ်ပါသလဲ?**
Trojan Connect Program နှင့် blended model တွင် JPS ဆရာ/မတစ်ဦးက ကျောင်းသား/သူ၏ စာသင်ကြားမှုကို ချောမွေ့စေရန် ပံ့ပိုးပေးသွားမှာဖြစ်ပြီး ထိုကျောင်းသား/သူ၏ တိုးတက်မှုကို စောင့်ကြည့်ပေးသွားမှာ ဖြစ်ပါသည်။ ကျောင်းသား/သူ၏ အတန်းအဆင့်၊ သင်ကြားမှုလိုအပ်ချက်များ၊ သင်ရိုးလိုအပ်ချက်များနှင့် ကျောင်းပြီး ရန်လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားနှင့်ဆရာအကြားဆယ်သွယ်မှုသည် ကွဲပြားသွားမှာ ဖြစ်ပါသည်။

**Trojan Connect သည် အခြားသော သမရိုးကျမဟုတ်သည့် ပညာရေးဆိုင်ရာအစီအစဉ်များနှင့် မည်သို့ကွာခြားပါသနည်း?**
Trojan Connect သည် မိဘများအား virtual courseware တွင် ဖော်ပြထားသည့် သင်ကြားပို့ချမှုများထက် ကျော်လွန်သောပံ့ပိုးမှုများကိုပေးနိုင်ရန်အတွက် JPS ကျောင်း၏ သင်ကြားပို့ချမှုစနစ်များကို အဆုံးစွန်အထိ အသုံးပြုထားပါသည်။

**Jenks ကျောင်းက online နှင့် စာသင်ခန်းတွင် သင်ယူမည့်ကျောင်းသား/သူများအတွက် တူညီသောပညာရေးအဆင့်နှင့် သင်ရိုးညွှန်းတမ်းကို ထိန်းသိမ်းထားပါမည်လား? ထိုသို့ဆိုလျှင် မည်သို့ပြုလုပ်မည်နည်း?**
သင်ကြားမှုနစ်မျိုးစလုံးတွင် သင်ရိုးညွှန်းတမ်းစံနှုန်းများတူညီမှာဖြစ်သော်ငြားလည်း မိဘများရွေးချယ်ထားသော သင်ကြားပို့ချမှုအပေါ်မူတည်၍ စံနှုန်းများအသုံးချပုံသည် ကွဲပြားသွားမှာဖြစ်ပါသည်။ အကယ်၍ သင်ရိုးညွှန်းတမ်းစံနှုန်းတစ်ခုအတွက် ထပ်မံပံပိုးမှုလိုအပ်ပါက Trojan Connect နှင့် ပုံမှန်စာသင်ခန်းတွင် မှတ်တမ်းတင်ရသောဆရာ/မက ကျောင်းခရိုင်မှချမှတ်ထားသည့် သင်ကြားမှုဆိုင်ရာကိရိယာများနှင့်/သို့မဟုတ် အစီအစဉ်များကို ဖြည့်စွက်ပေးနိုင်ပါသည်။ စာဖတ်ခြင်း (reading)၊ language arts နှင့် သင်္ချာဘာသာရပ်ဆိုင်ရာ စံနှုန်းများကို စိတ်ကြိုက်ဖြည့်စွက်ပံပိုးမှုများအတွက် ကျောင်းသား/သူများအားလုံး Excat Path ကို အသုံးပြုရရှိနိုင်မှာဖြစ်ပါသည်။

**အကယ်၍ မူလတန်းကျောင်းသား/သူများက Trojan Connect Program ကို ရွေးချယ်ပါက နည်းပညာ (technology) နှင့်ပက်သက်ပြီး မည်သို့ပံ့ပိုးမှုရရှိမှာ ဖြစ်ပါသလဲ?**
မိဘများက Registration Gateway နှင့် Trojan Connect တွင် ကျောင်းအပ်ခြင်းပြီးဆုံးသည်နှင့် တစ်ပြိုင်နက် စက်ပစ္စည်းတစ်ခုကိုလာယူရန် ဩဂုတ်လ ၁၁ ရက်နေ့မှစ၍ မိဘများကို ဆက်သွယ်မှာဖြစ်ပါသည်။

**မူလတန်းကျောင်းသား/သူများအတွက် Trojan Connect Program ရှိပါသလား?**
ယခုလောလောဆယ်တွင် မူလတန်းကျောင်းသား/သူများအတွက် Trojan Connect Program မရှိပါ။

**အချိန်ပြည့် သို့မဟုတ် blended (နှစ်မျိုးစလုံးရောနှောထားသော) virtual coursework ယူထားသည့် ကျောင်းသား/သူများသည် ဆရာ/မများအား တစ်နေလုံးသို့မဟုတ်သတ်မှတ်ထားသောအချိန်အတွင်း ဆက်သွယ်နိုင်ပါသလား?**
စာသင်ခန်းအလေ့အကျင့်များနည်းတူ JPS ကျောင်းဆရာ/မများသည် တစ်နေ့တာလုံး ကျောင်းသား/သူများကို အွန်လိုင်း သို့မဟုတ် မျက်နှာချင်းဆိုင် ဟန်ချက်ညီညီပံပိုးပေးသည့် တာဝန်များစွာရှိပါသည်။ ၂၄ နာရီအတွင်း အီးမေးလ်များကို တုံ့ပြန်ပေးခြင်းအပြင် ဆရာ/မများက ရုံးချိန်များကိုလည်း ပုံမှန်အချိန်ဇယားဖြင့် စီစဉ်ပေးသွားမှာ ဖြစ်ပါသည်။

**အကယ်၍ ကျောင်းသား/သူများက ၇-၁၂ တန်းတွင် blended model တွင်ပါဝင်ပါက ကျောင်းတွင်ဘယ်လောက်အချိန်ကြာ ကျောင်းတက်ရပါမည်နည်း?**
Virtual coursework ယူထားသော ကျောင်းသား/သူများသည် အနည်းဆုံး မျက်နှာချင်းဆိုင်သင်ယူရသည့် အတန်းတစ်ခုကိုယူပါက blended (နှစ်မျိုးစလုံးယူသည်) ဟူ၍သတ်မှတ်ပါမည်။ ကျောင်းသား/သူယူထားသော ဘာသာရပ်အရေအတွက်နှင့် အတန်းအချိန်စာရင်းအပေါ်မူတည်၍ ကျောင်းသား/သူတစ်ဦး၏ ကျောင်းတွင်နေရမည့်အချိန်သည် ကွဲပြားသွားမှာ ဖြစ်ပါသည်။

**မိဘများက မူလတန်းနှင့် အလယ်တန်းကျောင်းသား/သူများအတွက် Calvert အကြောင်းကို မည်သို့လေ့လာနိုင်ပါသနည်း?**
Calvert course catalog ကိုကြည့်ရှုရန် ဤနေရာကိုနှိပ်ပါ။

**Trojan Connect Program သည် ကျောင်းသား/သူများ ၂၀၂၀ ခုနှစ် Spring တွင် တွေ့ကြုံရသော အဝေးသင်စာပို့ချမှု (Distance Learning)နှင့် မည်ကဲ့သို့ကွာခြားပါမည်နည်း?**
အဝေးသင်ပို့ချမှုအတွင်း Oklahoma State Department of Education မှ သင်ကြားပို့ချမှုဆိုင်ရာ လုပ်ရှားမှုများအတွက် ခွင့်ပြုထားသော အချိန်ပမာဏနှင့် အမျိုးအစားများကို တိကျသောလမ်းညွှန်မှု ပေးခဲ့ပါသည်။ ၎င်းပို့ချမှုတွင် ကျောင်းသား/သူများအား သုံးလပတ်သင်ရိုးညွှန်းတမ်းမှ  အဓိကအကြောင်းအရာများနှင့် ကျွမ်းကျင်မှုများကို အစပျိုးသင်ကြားပေးနေစဉ်အတွင်း နဂိုရှိပြီးသောကျွမ်းကျင်မှုများနှင့် အသိပညာများကို နက်နက်ရှိုင်းရှိုင်းထိန်းသိမ်းနိုင်ရန် အလေးထားခဲ့ပါသည်။ အဝေးသင်ပို့ချမှုတွင် menu boards, Google Meets with the teacher နှင့် Canvas activities များပါဝင်ပါသည်။ အဝေးသင်ပို့ချမှုအတွင်း သင်ယူမှုအတွေ့အကြုံများကို JPS ကျောင်းဆရာ/မများက ဖန်တီးခဲ့ပြီး ကျောင်းသား/သူတို့၏ ဆရာ/မများက အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခဲ့ပါသည်။

Trojan Connect Program သည် အဝေးသင်ပို့ချမှုနှင့် တူညီမည်မဟုတ်ပါ။ ဤ Trojan Connect Program တွင် ကျောင်းသား/သူများသည် ကျောင်းမှလက်ခံအသုံးပြုထားသော အွန်လိုင်း courseware များကိုအသုံးပြု၍ ကျွမ်းကျင်မှုများကိုလေ့ကျင့်ခြင်း၊ အိမ်စာများပြီးမြောက်ခြင်းနှင့် အကြောင်းအရာသစ်များ သင်ယူခြင်းစသည်တို့ကို ပြုလုပ်ရပါလိမ့်မည်။ Trojan Connect တွင်ပါဝင်သော ကျောင်းသား/သူများသည် မျက်နှာချင်းဆိုင်သင်ယူရသော သင်ကြားမှုပတ်ဝန်းကျင်ကဲ့သို့ တူညီသော ပညာရေးဆိုင်ရာလိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို လိုက်နာရမှာဖြစ်သော်ငြားလည်း အွန်လိုင်းပေါ်မှ ဘာသာရပ်များကို ပြီးမြောက်ရန် လိုအပ်ပါသည်။ JPS ဆရာ/မများသည် ဤသင်ကြားမှုပတ်ဝန်းကျင်တွင် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးပြီး သင်ကြားပို့ချမှုဆိုင်ရာ အထောက်အပံများကို ပေးသွားမှာဖြစ်သော်ငြားလည်း အချိန်ပြည့် စာသင်ကြားပို့ချပေးမည်မဟုတ်ပါ။ JPS ဆရာ/မများက ကျောင်းသား/သူတို့၏ လိုအပ်ချက်များနှင့် သင်ရိုးညွှန်းတမ်းများအရ လိုအပ်သော သင်ကြားပို့ချမှုအထောက်အပံ့များကိုပေးသွားမှာဖြစ်ပြီး ကျောင်းသား/သူတို့၏ တိုးတက်မှုများကိုလည်း စောင့်ကြည့်သွားမှာဖြစ်ပါသည်။

**Trojan Connect Program တွင် ကျွန်တော်/မ၏ကလေးအတွက် Spanish Dual-Language, Chinese Partial Immersion, International Baccalaureate, STEM စသည့် အစီအစဉ်များရှိပါသလား?**
အကြောင်းအလှမသင့်စွာဖြင့် Trojan Connect Program ၏လက်ရှိစွမ်းဆောင်နိုင်မှုကြောင့် ထိုအစီအစဉ်များ မရှိပါ။ သို့သော်ငြားလည်း သင့်ကလေးသည် ထိုအစီအစဉ်များထဲမှ တစ်ခုတွင်ပါဝင်လျက်ရှိပါက မျက်နှာချင်းဆိုင်သင်ယူရသည့် ပတ်ဝန်းကျင် (face-to-face learning environment)သို့ ပြန်ရောက်သွားပါက ထိုအစီအစဉ်တွင် ပြန်လည် ပါဝင်နိုင်ပါလိမ့်မည်။

**Trojan Connect Program တွင် အနုပညာနှင့်ဆိုင်သော ဘာသာရပ်အတန်းများစသည့် “in-person” နှင့်/သို့မဟုတ် “hands-on” elective အတန်းများကို မည်ကဲ့သို့သင်ကြားပို့ချပေးသွားပါမည်နည်း?**
မူလတန်းအဆင့်တွင် ကျောင်းသား/သူများသည် Calvert platform မှတဆင့် specials အတန်းများကို သင်ယူနိုင်ရန်အခွင့်အရေးရရှိပါမည်။ သို့သော်ငြားလည်း ဘာသာရပ်၏သဘောသဘာဝအရ ၎င်းပို့ချမှုသည် မျက်နှာချင်းဆိုင်သင်ယူရသော သင်ကြားမှုပတ်ဝန်းကျင်နှင့် တူညီနိုင်မည်မဟုတ်ပါ။ တိကျသောလမ်းညွှန်ချက်များကို ဆရာ/မက ဖော်ပြပေးသွားပါလိမ့်မည်။

အလယ်တန်းအဆင့်တွင် နှစ်မျိုးစလုံးရောနှောထားသော သင်ကြားမှုများပုံစံများကို (blended learning options)၂၀၂၀-၂၀၂၁ ပညာသင်နှစ်တစ်လျှောက်လုံး ထားရှိပေးသွားမှာ ဖြစ်ပါသည်။

အချိန်ပြည့် virtual learning တွင်ပါဝင်လိုသော အလယ်တန်းကျောင်းသား/သူများသည် မျက်နှာချင်းဆိုင်သင်ကြားရသော ပတ်ဝန်းကျင်တွင် သင်ယူရမည့် ဘာသာရပ်များအားလုံးကို ရရှိနိုင်မည် မဟုတ်ပါ။

**JPS ကျောင်းက Trojan Connect Program တွင်ပါဝင်သော ကျောင်းသား/သူများ သို့မဟုတ် စာသင်ခန်းသင်ယူမှုမှ အဝေးသင်သင်ယူခြင်းသို့ ကူးပြောင်းသောကျောင်းသား/သူများအတွက် Chromebook များကို စီစဉ်ပေးထားပါမလား?**

JPS Educational Technology ဌာနမှ ကျောင်းသား/သူများ စက်ပစ္စည်းများကို အိမ်တွင်တသမတ်တည်း အသုံးပြုနိုင်ရန် စီစဉ်ပေးထားပါသည်။ Virtual Learning Program တွင်ပါဝင်သော ကျောင်းသား/သူများသည် ကျောင်း၏သင်ကြားထောက်ကူချက်များကို ရရှိနိုင်ရန် ကျောင်းမှထုတ်ပေးသော စက်ပစ္စည်းများကို အသုံးပြုရပါလိမ့်မည်။

**Trojan Connect Program တွင်ပါဝင်သော ကျောင်းသား/သူများသည် Pre-AP နှင့် AP ဘာသာရပ်များကို ယူလို့ရပါသလား?**

ကျောင်းသား/သူများသည် AP ဘာသာရပ်အချို့ကို အချိန်ပြည့် virtual program တွင်သင်ယူနိုင်ပါသည်။ AP College Board အဖွဲ့၏ ဘာသာရပ်ဆိုင်ရာအတည်ပြုချက်လမ်းစဉ်အရ မျက်နှာချင်းဆိုင်သင်ကြားရသည့် AP ဘာသာရပ်များအားလုံးကို အချိန်ပြည့် virtual program တွင် သင်ယူနိုင်မည်မဟုတ်ပါ။ JPS Teaching and Learning ဌာနက အဆင့်မြင့်ဘာသာရပ်များသင်ယူလိုသော ကျောင်းသား/သူများအတွက် အကောင်းဆုံးရွေးချယ်မှုများကို ဆုံးဖြတ်နိုင်ရန်အတွက် ကျောင်းအတိုင်ပင်ခံပုဂ္ဂိုလ်များနှင့်အတူ ဆွေးနွေးလုပ်ဆောင်သွားပါလိမ့်မည်။

**Jenks Middle School သည် ၂၀၂၀-၂၁ ပညာသင်နှစ်အတွက် တစ်နေ့လျှင် အတန်းချိန်ခုနစ်ခုထားရှိမှာ ဖြစ်ပါသည်။ ၎င်းသည် Trojan Connect Program ကိုရွေးချယ်ထားသော ကျောင်းသား/သူတစ်ဦးတွင် မည်ကဲ့သို့အကျိုးသက်ရောက်ပါမည်နည်း?**

Courseware platforms များ၏ သဘောသဘာဝအရ ၇-၈တန်းကျောင်းသား/သူများသည် Trojan Connect Program တွင် ဘာသာရပ် ၆ခုကိုသာ သင်ယူနိုင်ပါမည်။

**English Language Learners (အင်္ဂလိပ်ဘာသာစကားသင်ကြားရသော ကျောင်းသား/သူများ) ရင်ဆိုင်နေရသော အခက်အခဲများနှင့် အခွင့်အလမ်းများကို ဖြေရှင်းရန် Calvert Learning (K-6) နှင့်/သို့မဟုတ် Edgenuity (7-12) တို့ကို စီစဉ်ထားခြင်းဖြစ်ပါသလား?**

ဟုတ်ပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းသား/သူများအတွက် လက်ခံကျင့်သုံးထားသော အစီအစဉ်များသည် အင်္ဂလိပ်ဘာသာစကားသင်ကြားရသော ကျောင်းသား/သူများအတွက် နယ်ပယ်အသီးသီးတွင် အထောက်အကူပေးသွားမှာ ဖြစ်ပါသည်။ ကျောင်းသား/သူတစ်ဦး၏ ပညာရေးအောင်မြင်မှုတွင် လိုအပ်သော ဝန်ဆောင်မှုများကို ဆက်လက်ရရှိစေရန်အတွက် English Languge Development အဖွဲ့မှ တိကျသောလမ်းညွှန် ချက်များကို ပုံမှန်ဖော်ပြပေးသွားမှာဖြစ်ပါသည်။

**အထူးလိုအပ်ချက်များရှိသော ကျောင်းသား/သူများအတွက် online မှလေ့လာသင်ယူနိုင်သော အခွင့်အလမ်းများ ရှိပါသလား?**

ကျောင်းသား/သူ၏သင်ကြားမှုရည်ရွယ်ချက်များနှင့် အကောင်းဆုံးကိုက်ညီသည့်သင်ကြားမှုပတ်ဝန်းကျင်ရရှိစေရန် သင်ကြားပို့ချမှုစနစ်ပုံစံကို IEP team က ဆုံးဖြတ်သွားမှာဖြစ်ပါသည်။

**Trojan Connect Program တွင် စာမေးပွဲဖြေဆိုခြင်းကို မည်သို့ပြုလုပ်ပါမည်နည်း?**
လူတွေ့စစ်ဆေးရန်လိုအပ်သော စာမေးပွဲများအတွက် မိဘများက ကျောင်း၏သတ်မှတ်ထားသော စာမေးပွဲရက်များအတွင်း ဆရာ/မနှင့်တွေ့ဆုံရန် အချိန်ဇယားပြုလုပ်ရပါမည်။ အိမ်မှဖြေဆိုနိုင်သည့် စာမေးပွဲများကို သတ်မှတ်ထားသောစာမေးပွဲရက်အတွင်း ဖြေဆိုရပါမည်။